၂၅-ပြား

၁-၆၅

# စောင်းဆရာကြီးနှင့်ရေသူမ

ရေးသူ-ကြိုးကြိုးစော




# စောင်းဆရာကြီးနှင့် ရေသူမ

ရေးသူ - ကြိုးကြိုးစော


ပုံဆွဲသူ - မျိုးဝင်း

စာပေပိမာန် ကလေးစာစဉ်



တခါတုန်းက တိုင်းပြည်တပြည်တွင် နာမည်ကျော်သော စောင်းဆရာကြီး တယောက်ရှိသည်။ သူသည် စောင်းတီးရာ၌ အလွန်တော်သကဲ့သို့ သီချင်းရေးနှင့် သီချင်းဆိုရာ၌လည်း အလွန်တော်သည်။ သူ စပ်ဆိုသော သီချင်းမှန်သမျှကို လူကြိုက်များသည်။

ဘုရင်သည် စောင်းဆရာကြီးကို ချစ်ခင်သဖြင့် နန်းတော်၌ မိတ်ဆွေအဖြစ် လက်ခံထားသည်။



ထိုတိုင်းပြည်မှ ပင်လယ်ခြားသော အခြားတိုင်းပြည် တပြည်၌ အတီးအမှုတ် ဝါသနာပါသော ဘုရင်တပါးရှိသည်။ တနေ့တွင် ထိုဘုရင်က 'အကောင်းဆုံး တီးမှုတ်သီဆိုနိုင်သူအား ရွှေဒင်္ဂါးတထောင် ဆုပေးမည် ' ဟူ၍ ကြေညာသည်။

စောင်းဆရာကြီးသည် ထိုပြိုင်ပွဲသို့ သွားရောက်၍ ယှဉ်ပြိုင်ရန် ဆုံးဖြတ်လိုက်သည်။



“မိတ်ဆွေရယ် ဘာဖြစ်လို့ ဒီလောက်ဝေးတဲ့ တိုင်းပြည်ကို သွားချင်ရသလဲ။ ပင်လယ်ကြီးကို ဖြတ်သွားရမှာမို့ လှိုင်းလေကလဲ ပြင်းပါတယ်။ အသက်ဘေးရန်ကလဲ များပါတယ်။ ဒီနန်းတော်ထဲမှာ ကျုပ်နဲ့အတူ အေးအေးလူလူနေစမ်းပါ”ဟု ဘုရင်က ဆိုသည်။

“ကိုယ်တတ်ထားတဲ့ ပညာကို အခါအခွင့်ရောက်တဲ့အခါ ပြသင့်ပါတယ်။ ဒါကြောင့်မို့ အရှင်မင်းမြတ် မတားပါနှင့်တော့။ ကျွန်တော်မျိုး သွားဖို့ ဆုံးဖြတ်ထားပါပြီ” ဟု စောင်းဆရာကြီးက ပြန်ပြောသည်။



တနေ့သော နံနက်ဝယ် စောင်းဆရာကြီးသည် ရှက်သဘော်ာ တစင်းဖြင့် လိုက်ပါသွား
သည်။ သုံးရက် လွန်မြောက်သောအခါ ပြိုင်ပွဲ ပြုလုပ်သော တိုင်းပြည်သို့ ရောက်သည်။

စောင်းဆရာကြီးသည် ပြိုင်ပွဲ၌ အဆိုရော အတီးပါ ပဌမရရှိသည်။ ထိုကြောင့် ဆု
အဖြစ် ရွှေဒင်္ဂါး တထောင်ကို ရရှိခဲ့သည်။



စောင်းဆရာကြီးသည် ဆုရပြီးနောက် သူ့တိုင်းပြည်သို့ ထိုရွက်သင်္ဘောဖြင့်ပင် ပြန်ခဲ့
ည်။ စောင်းဆရာကြီး ဆုရသည့်အကြောင်းကို သင်္ဘောသားတို့ ကြားပြီးကြပြီ။ လမ်း
ရီးတဝက်တွင် သင်္ဘောသားတို့သည် လက်နက်ပြ၍ စောင်းဆရာကြီးထံမှ ရွှေဒင်္ဂါးများ
ကို အတင်း လုယူလိုက်ကြသည်။



ထိုနောက် သဘော်သားတို့သည် သူတို့၏ လုယက်မှု မပေါ်စေရန် စောင်းဆရာကြီးအား ရေထဲသို့ တွန်းချ၍ သတ်ရန် ကြံစည်ကြပြန်သည်။

"မင်းတို့ ငါ့ကို သတ်ချင်သတ်ပါ။ သို့သော် ငါမသေခင် ငါ့ကို စောင်းခဏတီးဖို့ အခွင့်ပေးပါ" ဟု စောင်းဆရာကြီးက တောင်းပန်သည်။

သဘော်သားတို့လည်း ခွင့်ပြုလိုက်ကြလေသည်။

စောင်းဆရာကြီးသည် မကြာမီ သေရတော့မည်ကို သိ၍ အသစ်ဆုံး အကောင်းဆုံး သော အဝတ်ကို ဝတ်လိုက်သည်။ ထို့နောက် သူ၏ စောင်းကိုပိုက်၍ မတ်တတ်ရပ်လိုက်သည်။

သူသည် တည်ငြိမ်သော မျက်နှာထားနှင့် စောင်းကို စတင်၍ တီးသည်။





မကြာမီ ရွက်သင်္ဘော ပတ်လည်ရှိ ပင်လယ်ရေပြင်သည် လှိုင်းတံပိုး ထသကဲ့သို့ လှုပ်ရှားလာသည်။ အကြောင်းမှုကား ရေအောက်တွင် နေကြသော ရေသူမများသည် စောင်းဆရာကြီး၏ စောင်းသံကို ကြား၍ ရေမျက်နှာပြင်သို့ ရောက်လာကြသောကြောင့် ဖြစ်သည်။

စောင်းဆရာကြီးသည် စောင်းကို စိတ်ပါ လက်ပါ တီးလျက်ရှိသည်။ ရေသူမများသည် အားလုံးငြိမ်သက်စွာ နားထောင်နေကြသည်။ သီချင်းတပုဒ် ဆုံးသောအခါ စောင်းဆရာကြီးသည် စောင်းကိုပိုက်လျက် ရေထဲသို့ ခုန်ဆင်းလိုက်သည်။




ရေသူမတယောက်သည် စောင်းဆရာကြီး အနီးသို့ ချက်ချင်း ရောက်လာသည်။ စောင်းဆရာကြီးသည် ရေသူမ၏ ကျောပေါ်၌ စီးလျက် လိုက်ပါသွားသည်။

မျှားမကြာမီ စောင်းဆရာကြီးသည် သူ၏တိုင်းပြည်သို့ ပြန်လည်ရောက်ရှိသွားသည်။

စောင်းဆရာကြီးသည် သူ့မိတ်ဆွေ ဘုရင်ထံသို့ သွားပြီးလျှင် အကြောင်းမျိုးစုံကို ပြန်၍ ပြောပြသည်။ ဘုရင်သည် ဆိုးသွမ်းသော သဘော်သားများ အပေါ်၌ ဒေါသထွက်နေသည်။

"ကောင်းပြီ မိတ်ဆွေ၊ အခု လူတွေမခံဘဲ ကျုပ်နန်းတော်ထဲမှာ ပုန်းအောင်းနေပါ။ ဒီသဘော်ာ ပြန်ရောက်တဲ့အခါ ကျုပ်ကိုယ်တိုင် စစ်ဆေးပြီး အရေးယူပါမယ်" ဟု ဘုရင်က ဆိုသည်။





နောက်တနေ့၌ ရှက်သတော်သည် တိုင်းပြည်သို့ ပြန်ရောက်လာသည်။ ရောက်လျှင်ရောက်ချင်း ဘုရင်၏ အမိန့်ဖြင့် သတော်သားအားလုံး နန်းတော်သို့ ဝင်ခဲ့ကြရသည်။

"ငါ့မိတ်ဆွေ စောင်းဆံရာကြီးအကြောင်း မင်းတို့ ဘာများကြားခဲ့ကြသလဲ" ဟု ဘုရင်က မေးသည်။

သဘော်သားတို့သည် မျက်နှာ အတော်ပျက်နေကြသည်။ သို့သော် မိမိတို့တွင် ဘာမျှ အပြစ်မရှိသကဲ့သို့ ကြိုးစား၍ ဟန်ဆောင်နေကြသည်။

"မှန်လှပါ။ ကျွန်တော်များ စောင်းဆရာကြီး ဆုံးရကြောင်းကိုသာကြားသိရပါတယ်။ ဆရာကြီးနှင့် မတွေ့ခဲ့ရပါ" ဟု ဘုရင်အား လိမ်လည်၍ လျှောက်ကြသည်။





ထိုခဏ၌ စောင်းဆရာကြီးသည် အခန်းတခုမှ ထွက်လာသည်။ သဘော်သားတို့သည် စောင်းဆရာကြီးကို မြင်လျှင် အထူးတုန်လှုပ် ကြောက်ရွံ့သွားကြသည်။

သူတို့၏ မျက်လုံးများသည် ပြူးထွက်လုမတတ် ရှိသည်။ သူတို့၏ မျက်နှာများသည် ဖြူဖတ်ဖြူရော် ဖြစ်သွားသည်။ သူတို့သည် စောင်းဆရာကြီး အသက် ရှင်နေသည် ဟု မထင်ချေ။ သရဲ အခြောက်ခံရသည်ဟု ထင်မှတ်နေကြသည်။



စောင်းဆရာကြီးသည် သူ၏ စောင်းကို ကောက်၍ တီးလိုက်သည်။ သင်္ဘောပေါ်၌ နောက်ဆုံးတီးသော သီချင်းကိုပင် တီးသည်။ စောင်းသံ ကြားရမှ ဆရာကြီးမသေသေးဘဲ အသက်ရှင်နေကြောင်းကို သင်္ဘောသားများ သိကြသည်။

သင်္ဘောသား အားလုံးသည် စောင်းဆရာကြီး၏ ခြေကိုဖက်၍ သည်းခံရန် တောင်းပန်ကြသည်။ စောင်းဆရာကြီးက သူတို့အား ခွင့်လွှတ်လိုက်သည်။

သို့ရာတွင် ဘုရင်သည် အပြစ်ရှိသူကို တိတိကျကျ ဆုံးမရန် စိတ်ပိုင်းဖြတ်ထားပြီ။

"မင်းတို့ကို ဆရာကြီးကခွင့်လွှတ်ပေမဲ့ ငါ့အနေနဲ့ ခွင့်မလွှတ်နိုင်ဘူး။ မင်းတို့ဟာ ဆရာကြီးရဲ့ ရွှေတွေကိုလဲ လုယူကြတယ်။ ဆရာကြီးကိုလဲ သတ်ဖို့ ကြံစည်ကြသေးတယ်။ အဲဒီလို အပြစ်နှစ်ခုကို ကျူးလွန်တဲ့ အတွက် ဒီနေ့ကစပြီး မင်းတို့ အားလုံး ငါ့တိုင်းပြည်က ထွက်သွားကြရမယ်။ မင်းတို့ ပိုင်တဲ့ ပစ္စည်းအားလုံးကို ဆရာကြီးက သိမ်းပိုက်စေ" ဟူ၍အမိန့် ချမှတ်လိုက်လေသည်။ ။



# ဖတ်ပြီးကြပြီလား

## ထုတ်ဝေပြီး စာပေဗိမာန် ကလေးစာစဉ်များ

ပေတူးလေး

ဖိုးတုတ် နှင့် ဖိုးချုတ်

ချဉ်ပေါင်တစည်း

ရဲသားကြီး

နှစ်သစ်ကူး

လူစွမ်းကောင်းဟာကျူလီ

အဘာလေး၏တနေ့တာ

မှားမိတယ်

သဲကန္တာရသွားရအောင်

နောင်ရေးမမြင်

ဘဝဆုံး

ကြွားချင်သူ

ငါးပြားတန်

သားလိပ်မာ

## နောက်ဆုံးထုတ် စာပေဗိမာန် ကလေးစာစဉ်များ

၁။ စောင်းဆရာကြီးနှင့် ရေသူမ .... .... .... .... ရေးသူ ကြီးကြီးစော
၂။ ဆေးစွမ်းချိန် .... .... .... .... .... .... ။ မောင်သိပ္ပ

အဖိုး တကျပ် ၂၅ - ပြား

# စောင့်မျှော်ပါ

☆ သနားစဖွယ် မောင်နှမငယ် ☆ မြည်း မင်းသား ☆ တောသားလေး ရွှေမိုး
☆ အမေ့စကား ☆ ဖိုးရွှေ ကျေးဇူး ☆ မောင်ရွှေလိပ်

မြန်မာနိုင်ငံ ဘာသာပြန် စာပေအသင်း
၅၂၉ - ၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။